# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်
အစာငတ်ခံဆန္ဒပြတိုက်ပွဲ

published by the Communication and Media Operators Committee
စက်တင်ဘာ ၁၆ ရက် ၂၀၀၄

## ၁၆ ရက်မြောက်နေ့

"လွတ်မြောက်ရေးခရီးရှည်ချီတက်ပွဲ ပန်းတိုင်သို့ ရောက်ရန်တစ်ရက်သာလို"

ဒီမိုကရေစီချစ်သူများနှင့် မြန်မာမိတ်ဆွေများ

☐ လွတ်မြောက်ရေးခရီးရှည် ချီတက်တိုက်ပွဲ ဆင်နွဲသူများသည် တိုက်ပွဲကာလ ၁၆ရက် အတွင်း ခရီးမိုင်ပေါင်း ၁၇၂ မိုင်ခရီးကို အောင်မြင်စွာချီတက်လာနိုင်ခဲ့ပြီးဖြစ်သည်။

☐ ရဲဘော်များသည် စက်တင်ဘာလ ၁၇ရက်နေ့ တွင်နယူးယောက်မြို့ အတွင်းသို့ ဝင်ရောက် လာ ကြ မည်ဖြစ်ပြီး၊ ၂၁ရက်နေ မတိုင်မီဆက်လက် တိုက်ပွဲဝင်မည့် အစီအစဉ် အသေးစိပ် ကို နယူးယောက် ဒီမိုကရေစီအင်အားစုများနှင့် ဆွေးနွေးတိုင်ပင် အပြီးတွင် ထုတ်ပြန် ကြေငြာသွားမည်ဖြစ်သည်။

☐ မြန်မာတမျိုးသားလုံးလွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ တိုက်ပွဲဝင် နေသော ရဲဘော်များအား လိုအပ်သည့် ကူညီပံ့ပိုးမှုများပေးရန် နယူးယောက် ဒီမိုကရေစီအင်အားစုများ က ဘဏ္ဍာရေးဆိုင်ရာကော်မတီ၊ ကူညီစောင့် ရှောက်ရေး ကော်မတီ၊ ပြန်ကြားရေးကော်မတီ၊ သယ်ယူပို့ ဆောင်ရေးနှင့် နေရာချထားရေး ကော်မတီ တို့ ကို ဖွဲ့ စည်းထားရှိပြီးဖြစ်ပါသည်။

☐ စက်တင်ဘာလ ၂၁ရက်နေ့ မှ စတင်ကာ "မြန်မာပြည်အရေး အတွက် ကမ္ဘာ့ကုလသမဂ္ဂ ကထိရောက်စွာ ဆောင်ရွက်ပေးမှု မပြုမချင်း အစာငတ်ခံ ဆန္ဒပြမည့်တိုက်ပွဲ" ကို ဆက်လက်ဆင်နွဲကြမည့် ရဲဘော်များအစာငတ်ခံဆန္ဒပြနေစဉ် ၂၄နာရီ အတွင်း စောင့် ရှောက်ပေးမည့်သူများအထူးလို အပ်လှပါသဖြင့် မြန်မာ မိတ်ဆွေ များအနေဖြင့် မိမိတို့ အားလပ်သည့် အချိန်ပိုင်း၊ နာရီပိုင်းတွင်ဖြစ်စေ လာရောက်ကာ စောင့်ရှောက်ပေးခြင်းဖြင့်ဖြစ်စေ၊ အလှူငွေများထည့်ဝင်ခြင်းဖြင့်ဖြစ်စေ၊ သယ်ယူပို့ ဆောင်ရေးအတွက် ယာဉ်များစီစဉ်ပေးခြင်းဖြင့် ဖြစ်စေပါဝင် ကူညီနိုင်ကြောင်း အသိပေးနှိုးဆော်လိုက်ပါသည်။

☐ (ကော်မတီများ၏တာဝန်ရှိသူများအမည်နှင့် ဖုန်းနံပါတ်များကို သောကြာနေ့ အစည်းအဝေးအပြီးတွင် အသေးစိပ်ထုတ်ပြန်သွား မည်ဖြစ်ပြီး လောလောဆယ်တွင် ကူညီစောင့်ရှောက်လိုသူများသည် ကိုရဲထွဋ် (၇၁၈-၆၇၂-၈၇၈၉)၊ ကိုသောင်းထွန်း (၂၁၂-၃၃၈-၀၀၄၈)သို့ ဆက်သွယ် စာရင်းပေးနိုင်ပါသည်)

☐ **စက်တင်ဘာ၁၆ရက်နေ့ ခရီးစဉ်အကျဉ်း**

☐ ယနေ့ ချီတက်တိုက်ပွဲ ကို ABSDF ရဲဘော်ဟောင်း ဦးဟန်လင်း၊ Music league for Democracy မှ ကိုမောင်မောင်တိတ် Action Group for Human Rights in Burma မှ ကိုဝင်းရွှေ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ်မှ ကိုတင်ငွေ၊ AAPP မှ ကိုဝေထွန်း တို့ နှင့်အတူ ဂျပန်နိုင်ငံသူ ငြိမ်းချမ်းရေး ခရီးသည် သီလရှင်ကြီး Jun Yasuda က ပါဝင်ချီတက်ခဲ့သည်။

☐ သီလရှင်ကြီး၏ အကြံပေးချက်အရ အစာငတ်ခံဆန္ဒပြပွဲ အတွက် ပွဲမစခင်တွင် ပြင်ပဋ္ဌ အလေ့ကျင့် ရှိစေရန် ရဲဘော်များသည် မနက်ပိုင်းတွင် ရေမှတပါး အခြားအစာများ လုံးဝမစားကြပဲ ၁၁မိုင်ခရီးသို့ အရောက်လျှောက်လှမ်းနိုင်ခဲ့ကြသည်။

☐ မနက် ၆နာရီ ၃၅မိနစ်တွင် Dobbs Ferry မြို့ ရှိ Presbyterian Church ၌ အမျိုးသားဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နှင့် မြန်မာနိုင်ငံ သား များ အတွက် ဆုတောင်းမေတ္တာပို့ သသည့် အခမ်းအနားဖြင့်စတင်ခဲ့ပြီး၊ နံနက် ၇ နာရီ ၁၅တွင် လမ်းလျှောက်ချီတက်ခဲ့ကြသည်။

☐ လမ်းခရီးတွင် Fellowship of Reconcilitation မှ အယ်ဒီတာဖြစ်သူ Richard Deats ကချီတက်သူများနှင့် လာရောက်တွေ့ ဆုံကာလှုပ်ရှားမှုကို ထောက်ခံ အား ပေး ကြောင်း Riverdale Press မှ သတင်းထောက် Evan Weinberger ကလည်း လာရောက်ပြီး ချီတက်သူများနှင့်တွေ့ ဆုံ မေးမြန်းသတင်းယူခဲ့သည်။

☐ နံနက် ၁၁နာရီ ၃၀မိနစ်တွင် George Washington တံတားအနီးတစ်မိုင်အကွာခန့် တွင် ခရီးစဉ်ကို ရပ်နားခဲ့ကြပြီး စတင်ထွက်ခွာရာ Dobbs Ferry မြို့ သို့ ပြန်လာခဲ့ကြသည်။

☐ Scarsdale မြို့ အရောက်တွင် သတင်းထုတ်ပြန်ရေးကော်မတီမှတဆင့် ဆက်သွယ်စုံစမ်းကာ ချီတက်သူများအကြောင်းကို ကြားသိထားသည့် ဒေါက်တာတင်ဇော်လွင်က ချီတက်သူများကို အောင်သပြေဖြင့် ခရီးဦးကြိုပြုခဲ့ပြီး၊ လာရောက်တွေ့ ဆုံခဲ့သည်။

☐ "ကွမ်းတယာရေ တမှုတ်ပဲ ဖြစ်ဖြစ်၊ အားပေး ထောက်ခံကြောင်း စကားလေး တစ်ခွန်းပဲ ဖြစ်ဖြစ် ကျွန်တော်တို့ တွေကို ဆက်လုပ်ဖို့ အားသစ်လောင်းပေးလိုက်သလိုပဲ ခံစားရတယ်ဗျာ" ဟု ချီတက်သူများကိုယ်စားကိုဝင်းရွှေက လှိုက်လှိုက်လှဲလှဲ ပြောကြားခဲ့သည်။

☐ (လွတ်မြောက်ရေးခရီးရှည်ချီတက်ပွဲအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) မှ တိုက်ပွဲတွင်အသုံးပြုရန်အတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀ ကို လှူဒါန်းခဲ့သည်ကို လက်ခံရရှိပါကြောင်း နှင့် တိုက်ပွဲဝင်သူများအားလုံးက ကျေးဇူးအထူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။)

For more information please contact: Communication and Media Operators Committee
Aung Kyaw Myint - 607-339-7054 freelight0@aol.com
Yan Myo Aung - 585-576-8521 yanmyoag@yahoo.com
Min Sun Min - 718-434-5292 kominmin@yahoo.com
Nang San Nun - 917-519-3771 shanpyithu@yahoo.com
Sandi - 917-445-9222 freeassk@yahoo.com
Nyan Win Lett - 646-321-5311 nyanwlett@yahoo.com